# နမူနာ မူဝါဒများ

## မကျေနပ်ချက်တိုင်ကြားမှု နှင့် ဖြေရှင်းမှုဆိုင်ရာ မူဝါဒ ထွက်ဆိုချက်

### စကားဖြင့်အပြန်အလှန်ညှိနှိုင်းပြောဆိုမှု နှင့် အကာအကွယ်ပေးမှုဆိုင်ရာ ကတိကဝတ်ပြုချက်

ကျွန်ုပ်တို့၏ ကုမ္ပဏီသည် သင့်တင့်သော လုပ်ငန်း ထောက်တိုင် လေးခုဖြစ်သည့် အောက်ပါတို့အား ထောင်မတ်စေသည့် ကျွန်ုပ်တို့၏ မူဝါဒများအပေါ် သက်ရောက်မှုရှိစေသော ပါဝင်သက်ဆိုင်သူများ အားလုံးအတွက်၊ အထူးသဖြင့် ရွှေ့ပြောင်း အလုပ် သမားများ၊ အမျိုးသမီးများ အပါအဝင် ခုခံကာကွယ်နိုင်စွမ်း အားနည်းသော လုပ်သားများအတွက် ၎င်းတို့၏ အကြံပြုချက်များ၊ စိုးရိမ်ပူပန်မှုများ၊ တိုင်ကြားချက်များ နှင့် မကျေနပ်မှုများတို့အား ကျွန်ုပ်တို့ထံသို့ အသိပေး အကြောင်းကြားနိုင်စေရန်ဟု စီမံ လည်ပတ်မှုဆိုင်ရာ ဆက်သွယ်ရေး လမ်းကြောင်းများအား ထောက်ပံ့ပေးသွားဖို့ ကတိကဝတ်ပြုထားပါသည်၊ ကျွန်ုပ်တို့၏ လုပ်ငန်း ထောက်တိုင် လေးခုမှာ - လုပ်ငန်းခွင်ရှိ အခြေခံ မူစည်းမျဉ်းများ နှင့် အခွင့်အရေးများအား လေးစားသမှုရှိခြင်း (ILO ပင်မ အလုပ်သမား စံသတ်မှတ်ချက်များ)၊ အမျိုးသမီးများ နှင့် အမျိုးသားများအတွက် ထုတ်လုပ်နိုင်စွမ်း အားကောင်းသော အလုပ်ခန့်အပ်မှု နှင့် ဝင်ငွေ အခွင့်အလမ်းများအား ဖန်တီးပေးမှု၊ လူမှုလုံခြုံရေးဆိုင်ရာ အကာအကွယ်များ ထောက်ပံ့ပေးမှု၊ နှင့် လူမှုဆက်ဆံရေး အပြန်အလှန်စကားညှိနှိုင်းပြောဆိုမှုအား မြှင့်တင်ပေးမှုတို့ ဖြစ်သည်။

ကျွန်ုပ်တို့၏ ကုမ္ပဏီသည် ကျွန်ုပ်တို့၏ အလုပ်သမားများအား အကာအကွယ်ပေးရမည့် ကျွန်ုပ်တို့၏ တာဝန်ဝတ္တရားနှင့်အညီ မည်မျှ နေထိုင်လျက်ရှိကြောင်း ဆုံးဖြတ်ရန်၊ တရားမဝင်သော သို့မဟုတ် ကျင့်ဝတ်နှင့်မညီသော အမူအကျင့်များအား ကာကွယ် တားဆီးရန်၊ နှင့် အနိုင်ကျင့်မှု သို့မဟုတ် အမြတ်ထုတ်မှု၊ သို့မှမဟုတ် အန္တရာယ်မကင်းသော လုပ်ငန်းခွင်အခြေအနေများ သို့မဟုတ် အလုပ်သမားများ၏ အခွင့်အရေးများ၊ လွတ်လပ်ခွင့်၊ လုံခြုံရေး နှင့် လူ့ဂုဏ်သိက္ခာတို့အား ချိုးဖောက်သည့် အခြားသော အခြေအနေများမှန်သမျှမှတစ်ဆင့် ကျွန်ုပ်တို့၏ အလုပ်သမားများအပေါ် ရုပ်ပိုင်းဆိုင်ရာအရဖြစ်စေ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ အရဖြစ်စေ အန္တရာယ်ဖြစ်စေသည့် - ကျွန်ုပ်တို့၏ ကုမ္ပဏီအတွင်း တိုက်ရိုက်ခံစားရခြင်းဖြစ်စေ သို့မဟုတ် ကျွန်ုပ်တို့၏ ထောက်ပံ့မှု လုပ်ငန်းတွဲအတွင်းရှိ အခြားသော ချိတ်ဆက်မှုများမှတစ်ဆင့် သွယ်ဝိုက်ခံစားရခြင်းဖြစ်စေ - အဆိုပါသော သက်ရောက်မှုများအား လျော့ချရန် အစရှိသည်တို့အတွက်ဟု အလုပ်ခွင်မှ တုံ့ပြန်မှတ်ချက်များအား အလွန်တန်ဖိုးရှိသော နည်းလမ်းများအဖြစ် သတ်မှတ်ထားပါသည်။ ကျွန်ုပ်တို့၏ ကုမ္ပဏီသည် ကျွန်ုပ်တို့ အလုပ်သမားများ၏ အသက်၊ လွတ်လပ်ခွင့် နှင့် လုံခြုံရေး အခွင့်အရေးများ၊ ကျွန်ုပြုခံရမှု နှင့် ခိုင်းဖတ်ခံဘဝမှ လွတ်မြောက်ခွင့်၊ ညှဉ်းပန်းနှိပ်စက်ခံရမှုမှ လွတ်မြောက်ခွင့် အစရှိသည်တို့အပေါ် သက်ရောက်မှုဖြစ်စေသော ဖြစ်ရပ်များ နှင့် အခြေအနေများတို့အတွက် ကြိုတင်ကာကွယ်မှု နှင့် လျော့ချမှု နည်းဗျူဟာများတို့ကို ဦးစားပေး ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ကျွန်ုပ်တို့ ကုမ္ပဏီ၏၊ ထို့ပြင် ပင်လယ်စာလုပ်ငန်း တစ်ခုလုံး၏ လူမှုရေးဆိုင်ရာ ပန်းတိုင်များအား မြင့်တင်ပေးသည့် စီးပွားရေး မက်လုံးများအား ဖန်တီးရာတွင် လူမှုဆက်ဆံရေးဆိုင်ရာ အပြန်အလှန်ညှိနှိုင်းပြောဆိုမှု နှင့် လူမှုရေးဆိုင်ရာ အကာအကွယ် ပေးမှုများတို့သည် မရှိမဖြစ်လိုအပ်သော အစိတ်အပိုင်းများဖြစ်ကြောင်း ကျွန်ုပ်တို့၏ ကုမ္ပဏီမှ ရှုမြင်ထားပါသည်။ လုပ်ငန်းခွင် ပြဿနာများအား ဖြေရှင်းရာတွင် အားနည်းသော လုပ်ငန်းစနစ်များသည် အကယ်၍ ပြန်လည်မစစ်ဆေးဘဲ ထားရှိပါက အနိုင်ကျင့်မှုများအား တိုးမြင့်ဖြစ်ပေါ်စေနိုင်ကြောင်း၊ စက်မှုလုပ်ငန်း တစ်ခုလုံးအား ပြဿနာ ဖြစ်စေနိုင်ကြောင်း၊ ထို့ပြင် အချို့သော အခြေအနေများတွင်မူ တစ်နိုင်ငံလုံးအတိုင်းအတာအထိပင် ပြဿနာ ဖြစ်စေနိုင်ကြောင်း ကျွန်ုပ်တို့ နားလည်ထားပါသည်။ သို့ဖြစ်သောကြောင့်ဟု ရေရှည် ထုတ်လုပ်နိုင်စွမ်းအား ကောင်းမွန်စေရန်အတွက် ကိုယ်ကျင့်တရားကောင်းမွန်မှု၊ ယုံကြည်မှု နှင့် ကျွမ်းကျင်မှုများ၊ ပိုမို လုံခြုံစိတ်ချရသော အလုပ်ခွင်ပတ်ဝန်းကျင်နှင့်အတူ ပိုမို လုံခြုံအန္တရာယ်ကင်းသော အလုပ်များ၊ နှင့် ပိုမိုထိရောက်သော လုပ်အားကို ရရှိစေရန်အတွက်ဟု ကျား၊မ တန်းတူညီမျှမှု အစရှိသည်တို့အား တည်ဆောက်ပေးသည့် စနစ်များ တွင် ရင်းနှီးမြှုပ်နှံသွားဖို့ ကျွန်ုပ်တို့ ပြင်ဆင်ထားပါသည်။

### လုံးဝသည်းခံမည်မဟုတ်သော နယ်ပယ်ဇရိယာများ

ကျွန်ုပ်တို့၏ ကုမ္ပဏီသည် လူ့အခွင့်အရေးများအား လေးစားသမှုရှိပြီး၊ အမျိုးသမီးများ နှင့် မိန်းကလေးများ အပါအဝင် လူသား အားလုံး မိမိတို့အစွမ်းရှိသမျှ အောင်မြင်မှု ရယူနိုင်စေရန် နှင့် အကာအကွယ်ပေးမှုရှိပြီး၊ ပံ့ပိုးထောက်ပံ့မှုရှိသော ပတ်ဝန်းကျင် တစ်ခုတွင် မိမိတို့ လုံခြုံကောင်းမွန်စွာရှိနေကြောင်း သေချာစေရန် အစရှိသည်တို့အတွက်ဟု ကျင့်ဝတ်မူစည်းမျဉ်းများအပေါ် အပြည့်အဝ လိုက်နာကျင့်သုံးမှု ပြုပါသည်။ သို့ဖြစ်သောကြောင့်ဟု လူကုန်ကူးခြင်း၊ အတင်းအကြပ်စေခိုင်းမှု၊ ချည်နှောင်မှု၊ ကျွန်ပြုမှု၊ စာချုပ်ဖြင့်ချည်နှောင်၍ မိမိဆန္ဒမပါဘဲ လုပ်သားပြုမှု၊ ကလေးလုပ်သားခိုင်းစေမှု၊ ကျား၊မ လိင်ကွဲပြားမှု၊ လူမျိုး၊ ဘာသာ၊ လိင်ခံယူစိတ်၊ မသန်စွမ်းမှု အစရှိသည်တို့အပေါ် အခြေခံကာ လိင်ပိုင်းဆိုင်ရာ အနှောက်အယှက်ပေးခြင်း အပါအဝင် ခွဲခြား ဆက်ဆံမှု၊ လွတ်လပ်ခွင့် သို့မဟုတ် စုရုံးဖွဲ့စည်းခွင့် နှင့် အစုလိုက် ညှိနှိုင်းဆောင်ရွက်ခွင့်များ အပါအဝင် အလုပ်ရှာဖွေသူများ နှင့် အလုပ်သမားများတို့၏ အသက်၊ ကျန်းမာရေး၊ လုံခြုံရေး နှင့် ဂုဏ်သိက္ခာတို့အပေါ် အခြေပြုသည့် အလေ့အကျင့်များ မှန်သမျှ အစရှိသည်တို့နှင့်ပတ်သက်ပြီး လူသားမဆန်စွာ ပြုမူဆက်ဆံသည့် ပုံစံများ၊ လက္ခဏာများ၊ ပြသချက်များ နှင့် အထောက်အထားသက်သေများ မှန်သမျှကို ကျွန်ုပ်တို့ လုံးဝသည်းခံမည် မဟုတ်ပေ။ ကျွန်ုပ်တို့ ကုမ္ပဏီအနေနှင့် အဆိုပါသော အပြုအမူများအား ညှိနှိုင်းမပေးနိုင်သည့် ကျင့်ဝတ်နှင့်မညီသော တရားမဝင် အပြုအမူများအဖြစ် သတ်မှတ်ထားပြီး၊ သို့ဖြစ်သောကြောင့်ဟု အဆိုပါသော အပြုအမူများသည် အန္တရာယ်ဖြစ်စေနိုင်ကြောင်း သို့မဟုတ် 'အန္တရာယ်' တစ်စုံတစ်ရာ ကျရောက်စေနိုင်ကြောင်း သိသိလျက်ဖြင့် အထူးသဖြင့် ခုခံကာကွယ်နိုင်စွမ်း အားနည်းသည့် ပါဝင်သက်ဆိုင်သူများ၊ အထူးသဖြင့် အမျိုးသမီးများ နှင့် မိန်းကလေးများအပေါ် အကြွေးဝန်ပိစေခြင်းအားဖြင့်၊ သို့မဟုတ် အသက်ဆုံးရှုံးစေခြင်း၊ လွတ်လပ်မှု ဆုံးရှုံးစေခြင်း၊ ဆန္ဒမပါဘဲ ခိုင်းစေခြင်း၊ မိမိတို့၏ အသက်၊ ပိုင်ဆိုင်မှု၊ ပြည့်စုံကျန်းမာရေး သို့မဟုတ် အလုပ်သမားများအား ယာယီ သို့မဟုတ် တစ်သက်တာ ပျက်စီးထိခိုက်မှု သို့မဟုတ် ထိခိုက်ဒဏ်ရာရရှိမှုများ ဖြစ်စေနိုင်သည့် ရုပ်ပိုင်းဆိုင်ရာ နှင့် စိတ်ပိုင်းဆိုင်ရာ အန္တရာယ်ဖြစ်နိုင်ခြေများ ဖန်တီးခြင်း၊ ထို့ပြင် သင့်တင့်သော အလုပ်အကိုင် နှင့် ဝင်ငွေ

ရရှိရေးအတွက် ၎င်းတို့၏ အခွင့်အလမ်းများ နှင့် စွမ်းဆောင်ရည်များတို့ကို ထိခိုက်စေခြင်း အစရှိသည်တို့အားဖြင့် ပြစ်မှုကျူးလွန်သူများအပေါ် အရေးယူဆောင်ရွက်သွားမည် ဖြစ်သည်။

**သက်ဆိုင်အပ်စပ်မှု နှင့် နယ်ပယ်ဂန်းကျင်ပမာဏ**

အလုပ်ခွင် အခြေအနေများအား တိုးတက်စေရန် နှင့် အလုပ်သမားများ၏ အခွင့်အရေးများအား ကာကွယ်ပေးရန်အတွက် ကျွန်ုပ်တို့ ၏ ကုမ္ပဏီသည် ကောင်းမွန်သော မကျေနပ်ချက်တိုင်ကြားမှု ယန္တရားများအား ကိရိယာအနေဖြင့် အသုံးပြုရန် စဉ်းစားလျက် ရှိပါသည်။ ပြဿနာများ၊ စိုးရိမ်ပူပန်မှုများ နှင့် ကျွန်ုပ်တို့ ရှေ့မှောက်ရောက်ရှိလာသော ကိစ္စရပ်များတို့အား ဖြေရှင်းဖို့ ကျွန်ုပ်တို့ ချက်ချင်း ဆောင်ရွက်သွားပါမည်၊ အကြောင်းမှာ ၎င်းတို့သည် ကျွန်ုပ်တို့၏ စီမံလည်ပတ်မှုများ၊ ကျွန်ုပ်တို့၏ ဂုဏ်သတင်း၊ ကျွန်ုပ်တို့၏ အလုပ်သမားများ၊ ကျွန်ုပ်တို့၏ သုံးစွဲသူဖောက်သည်များ နှင့် အခြားသော စီးပွားရေးလုပ်ငန်း တွဲဖက်ပါတနာများတို့ကို ထိခိုက်၊ အနောက်အယှက် ဖြစ်စေနိုင်သောကြောင့် ဖြစ်သည်။ သို့ဖြစ်သောကြောင့်ဂှာ ကျွန်ုပ်တို့၏ ဌာနအတွင်းပိုင်း ပါဂင် သက်ဆိုင်သူများ - ထိပ်ပိုင်း စီမံခန့်ခွဲမှု၊ ဂန်ထမ်းများ၊ အလယ်တန်းအဆင့် မန်နေဂျာ၊ အလုပ်သမားများ - တို့အား မကျေနပ်ချက် တိုင်ကြားမှု ယန္တရားများ နှင့် ဖြေရှင်းမှု နည်းဗျူဟာများ စီမံရေးဆွဲရာတွင် တက်ကြွစွာ ပါဂင်ကြဖို့ တိုက်တွန်းအားပေးအပ်ပါသည်၊ ဤသို့အားဖြင့် အငြင်းပွားမှုအား ကာကွယ် သို့မဟုတ် ဖြေရှင်းရန် ပူးပေါင်းဆောင်ရွက်သော နည်းလမ်းများမှတစ်ဆင့် အလုပ်သမားများ၊ ကြီးကြပ်ရေးမှူးများ နှင့် စီမံခန့်ခွဲမှုတို့အကြား ဆက်ဆံရေးများကို တိုးတက်လာစေနိုင်မည် ဖြစ်သည်။

တစ်ချိန်တည်းတွင်ပင် ကျွန်ုပ်တို့၏ ကုမ္ပဏီသည် ကျွန်ုပ်တို့နှင့်အတူ စီးပွားရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိသော သို့မဟုတ် စာချုပ် ချုပ်ထားသော ပုဂ္ဂိုလ်များ သို့မဟုတ် အဖွဲ့အစည်းများထံမှ၊ အထူးသဖြင့် အလုပ်သမား ခန့်အပ်ပေးသူများ နှင့် အလုပ်ခန့်အပ်ရေး အေဂျင်စီများတို့ထံမှ ပူးပေါင်းဆောင်ရွက်မှု နှင့် ပါဂင်မှုတို့အား မျှော်မှန်းထားပြီး၊ ၎င်းတို့၏ လုပ်ငန်းစဉ်လည်ပတ်မှုများတွင် ပွင့်လင်းမြင်သာမှု နှင့် တာဂန်ယူမှု ရှိရန်၊ ထို့ပြင် ဤမူဂါဒနှင့်အညီ အလုပ်သမားများနှင့်အတူ ပြောဆိုညှိနှိုင်း၍ အကာကွယ်ပေးရန် ကတိကဂတ်ပြု ဆောင်ရွက်ပေးဖို့ မျှော်လင့်ထားပါသည်။ ၎င်းတို့၏ လုပ်ငန်းလည်ပတ်မှုများ သို့မဟုတ် ထောက်ပံ့ရေး လုပ်ငန်းတွဲ အတွင်း အလုပ်သမားများ၏ မကျေနပ်ချက် တိုင်ကြားခွင့် နှင့် ဖြေရှင်းမှု ရယူခွင့်တို့အား ငြင်းဆန်ခြင်း အပါအဂင် ကျွန်ုပ်တို့ လုံးဂ သည်းမခံနိုင်သော နယ်ပယ်ဧရိယာများမှ အလုပ်သမားများ၏ အခွင့်အရေးများ နှင့် အခြေခံ လူ့အခွင့်အရေးများတို့အား ချိုးဖောက် ထားသည်ဟု သံသယရှိသော၊ ဆက်နွယ်နေသော၊ ထို့ပြင် တရားစွဲခံထားရသော သို့မဟုတ် ကျူးလွန်ခဲ့သည်ဟု သက်သေအထောက်အထား တွေ့ ရှိရသော ပုဂ္ဂိုလ်များ သို့မဟုတ် အဖွဲ့အစည်းများတို့ဖြင့် လုပ်ငန်း တွဲဖက် မလုပ်ခွင့်ကို ကျွန်ုပ်တို့ ထိန်းသိမ်းရရှိထားပါသည်။ အထူးသဖြင့် အထက်တွင်ဖော်ပြထားသော ကျင့်ဂတ်နှင့်မညီသည့် တရားမဂင်သော အပြုအမူများတွင် ပါဂင်ပတ်သက်နေကြောင်း အထောက်အထား တွေ့ ရှိရသည့် ကုန်ကြမ်းထောက်ပံ့သူများ၊ စာချုပ်ခွဲချုပ်ဆိုထားသူများ၊ ဂန်ဆောင်မှု ထောက်ပံ့သူများ၊ ပွဲစားများ၊ အေးဂျင့်များ၊ အလုပ်ခန့်အပ်သူများ အစရှိသည်တို့ထံမှ ကုန်ပစ္စည်း သို့မဟုတ် ဂန်ဆောင်မှုများတို့ကို ကျွန်ုပ်တို့ ဂယ်ယူမည် မဟုတ်ပေ။ မိမိတို့၏ အမြင်များအား ဖွင့်ဟလာသည့် သို့မဟုတ် အခြားသော အလုပ်သမားများနှင့် ဆက်သွယ်ပတ်သက်နေသည့်၊ သို့မဟုတ် ဤမူဂါဒ ချိုးဖောက်မှုများအား အစီရင်ခံ တင်ပြလာသည့် အလုပ်သမားများအပေါ် အပြစ်ပေးခြင်း သို့မဟုတ် စည်းကမ်းအရအရေးယူခြင်း၊ သို့မှမဟုတ် ကျား၊မ၊ လူမျိုးရေး၊ ဘာသာရေး သို့မဟုတ် အခြားပုံစံ ခွဲခြားဆက်ဆံခြင်း၊  အတင်းကြပ် လုပ်အားစေခိုင်းခြင်း အစရှိသည်တို့ကို ကျွန်ုပ်တို့ ကုမ္ပဏီသည် ဆောင်ရွက်မည် မဟုတ်ပေ။

**ဖြစ်နိုင်ခြေရှိသော တန်းတူညီမျှမှုမရှိခြင်းများအား လိုက်နာ၊ ဖြေရှင်းရန် တာဂန်ဂတ္တရားများ**

ရွှေ့ပြောင်းလုပ်သားများ၊ အမျိုးသမီးများ နှင့် ၎င်းတို့၏ ကလေးများ၊ ကိုယ်ဂန်ဆောင် အမျိုးသမီးများ၊ မသန်စွမ်းပုဂ္ဂိုလ်များ အစရှိသည်တို့ကဲ့သို့သော အချို့ ပါဂင်သက်ဆိုင်သူ အုပ်စုများ၏ ခုခံကာကွယ်နိုင်စွမ်း အားနည်းမှုကို သိရှိထားသည်နှင့်အညီ ကျွန်ုပ်တို့၏ ကုမ္ပဏီသည် အထူး ထည့်သွင်းစဉ်းစားပေးရန်၊ ထို့ပြင် ကုမ္ပဏီ၏ တန်ဖိုးထားမှုများနှင့်အညီဖြစ်သော၊ ၎င်းအပြင် ကျွန်ုပ်တို့ ကုမ္ပဏီ၏ စွမ်းဆောင်နိုင်ရည်များအတွင်းရှိသော အရင်းအမြစ်များကို ထောက်ပံ့ပေးသွားရန် ကတိကဂတ်ပြုပါသည်။ ဤမူဂါဒနှင့်အညီ လိုက်နာဆောင်ရွက်နိုင်ရန်ဂှာ သတိပြုသိရှိစေခြင်း၊ ကြိုတင်ကာကွယ်ခြင်း၊ အသိအမှတ်ပြုစေခြင်း နှင့် လျှို့ ဂှက် အစီရင်ခံတိုင်ကြားခြင်း၊ မကျေနပ်မှုတိုင်ကြားသည့် လမ်းကြောင်းများ နှင့် ဖြေရှင်းမှုနည်းလမ်း ရွေးချယ်စရာများအား ထောက်ပံ့ပေးခြင်း၊ ဤနည်းဗျူဟာများ အားလုံးသည် ဖြစ်နိုင်ခြေရှိသော တန်းတူညီမျှမှု မရှိခြင်းများကို စနစ်တကျ ဖြေရှင်းပေးနိုင်ခြင်း ရှိ၊မရှိ၊ ထို့ပြင် သင့်တင့်သော လုပ်ငန်း မူစည်းမျဉ်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန် အားထုတ်မှုများအား လွယ်ကူချောမွေ့စေခြင်း ရှိ၊မရှိ အစရှိသည်တို့အား ဆောင်ရွက်ပေးသော မူဂါဒ အကောင်အထည်ဖော် ဆောင်ရွက်မှု လုပ်ငန်းစဉ်များမှတစ်ဆင့် လမ်းညွှန်ချက် ရယူသွားမည် ဖြစ်သည်။

လက်မှတ်ရေးထိုးသည့် နေ့စွဲမှစတင်ပြီး ဤမူဂါဒ စတင်သက်ရောက်မှုရှိမည်ဖြစ်ကြောင်း ကျေးဇူးပြုပြီး သိရှိထားပါ။

.....................................

( )

စီမံခန့်ခွဲမှု ဒါရိုက်တာ

နေ့စွဲ - ____________________